# အမျိုးသားညီလာခံကြိုဆိုထောက်ခံရေးအင်အားစု၏ သတင်းစာရှင်းလင်းပွဲပြုလုပ်

ရန်ကုန်၊ မေ

အမျိုးသားညီလာခံကြိုဆိုထောက်ခံရေးအင်အားစု၏ သတင်းစာရှင်းလင်းပွဲအမှတ်(၁)ကို ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် (၅၃)လမ်း (အောက်လမ်း) တိုက်အမှတ် ၃၉/၄၁ (အပေါ်ဆုံးထပ်)တွင် မေ (၂၆)ရက် မွန်းလွဲ (၁၂)နာရီက ကျင်းပရာ ဦးတင်ရွှေဦးဆောင်သော အမျိုးသားညီလာခံကြိုဆိုထောက်ခံရေးအင်အားစုအဖွဲ့ဝင်များ၊ ပြည်တွင်းပြည်ပ သတင်းစာဆရာများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင်သဘာပတိ ဦးတင်ရွှေကမိန့်ခွန်းပြောကြားကာ အင်အားစုများက မိတ်ဆက်ကြပြီးနောက် အဖွဲ့ဝင် ဦးထွန်းရွှေကပြည်သူများသို့ ပန်ကြားချက်နှင့် သဘောထားရပ်တည်ချက်များကို ရှင်းလင်းပြောပြသည်။ တက်ရောက်လာကြသောသတင်းစာဆရာများ၏ မေးခွန်းများကို ဦးတင်ရွှေနှင့် ဦးထွန်းရွှေတို့မှ ရှင်းလင်းဖြေကြားကြပြီး မွန်းလွဲ (၁)နာရီခွဲတွင် အခမ်းအနားကိုရုပ်သိမ်းခဲ့ပါသည်။

ကောင်းစံ (၂၄/၇)